# ၂၀၀၈ အခြေခံဥပဒေ၊ ရွေးကောက်ပွဲ ဆိုင်ရာ ဥပဒေ နဲ့
# အနာဂတ် နိုင်ငံရေး အလား အလာ များ။

မောင်မြတ်နိုင်

(ဩဂုတ် လ ၁၄ ရက်၊ ၂၀၁၀)

**MP3- VSV Library 12 Posted on http://vansangva.com/vansangva-library/**

ညောင်နှစ်ပင်တွင် အတင်းအဓမ္မနည်းဖြင့် တဖက်သတ် ရေးဆွဲကာ အတည်ပြုပြဌာန်း ခဲ့သည့် ၂၀၀၈ နာဂစ်အခြေခံဥပဒေ အားဖြင့်၊ ၂၀၁၀ အတု အယောင် ရွေးကောက်ပွဲ ကိုကျင်းပကာ၊ ၂၀၁၁ တွင် ဘောင်းဘီချွတ် စစ်အာဏာရှင်တို့ ကြီးစိုးသည့် သိန်းစိန် အစိုး ရ တက်လာခြေပြီ။ "စည်းကမ်းရှိသော ဒီမိုကရေစီ" စနစ် ကို ထူ ထောင် မည်ဟု ကြွေးကြော်ပြီး၊ တကြိမ်တည်းတွင် ဒီမိုကရေစီ အခြေခံမှု များကို တခုမကျန် ပြောင်ပြောင်တင်းတင်း ဆန့်ကျင် ကာ စည်းမဲ့ကမ်းမဲ့ မီးကုန် ယမ်းကုန် ရမ်းခဲ့ ကြသည်။ ဗိုလ်ချုပ်သိန်းစိန် ကို ဦးသိန်းစိန် အဖြစ်ပြောင်းလဲ ခဲ့သည်ကိုပင် အရပ်သား အစိုးရသစ်၊ ဒီမိုကရေစီ အစိုးရသစ် တက်လာပြီ ဟု ကြေညာပြန်သည်။ ပြည်သူလူထု သည် သူတို့ လိုလားတောင့် တသည့် အရပ်သားအစိုးရ၊ ဒီမိုကရေစီ အစိုးရသစ်ပေါ်ထွန်း ပြီဆိုကာ လမ်းမများပေါ်တွင် အိုးစည်ဗုံမောင်းတီးကာ ကခုန်မြူးတူး အောင်ပွဲခံကြသည်ကိုလည်း မမြင်ရပေ။ ရှင်းပါသည်။ ပြည်သူကိုညာ၍ မရပါ။ မည်သူကမျှ အယုံအကြည်မရှိပါ။

သန်း (၆၀) သော မြန်မာပြည်သူ တို့ ၏ ဆန္ဒ အစစ်အမှန် ကို လစ်လျူ ရှု ကာ ရေးသား ခဲ့သည့် နာဂစ်အခြေခံဥပဒေ အားဖြင့် အရပ်သားအစိုး ရ အမည်ခံ ပြီး တက်လာ သော ဘောင်းဘီချွတ် ဗမာစစ်အာဏာရှင်တို့ သည် ယခုတဖန် ၂၀၁၄ ခုနှစ်တွင် အာစီယံအဖွဲ့၏ အလှည့်ကျ ဥက္ကဌ နေရာ ကို ယူဖို့ အဆင်သင့် ဖြစ်ကြောင်း ကမ္ဘာသိ ကြေညာ လိုက် ပေသေးသည်။ ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံကြီး၏ နောက်ဆက်တွဲ ဖြစ်သော ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ ပြည်သူ့အောင်ပွဲ ကို ညောင်နှစ်ပင်၊ နာဂစ်၊ ၂၀၁၁ ရွေးကောက် ပွဲတို့ဖြင့် အဆင့်ဆင့် နင်းခြေ ဖျက်စီး ကာအောင် နိုင်ခဲ့ပြီ၊ အာစီယံ အစည်း အဝေး များ ကို တက်ရောက်လာကြမည့် အာစီယံ အဖွဲ့ ဝင်နိုင်ငံ (၁၀) နိုင်ငံ နှင့် အာစီယံ ၏ စီးပွားဖက် နိုင်ငံများ ဖြစ်ကြသော အမေရိကန်၊ အီးယူ၊ တရုတ်၊ ရုရှား၊ အိန္ဒိယ စသည့် ကမ္ဘာ့ အထင်ကရ နိုင်ငံ ကြီး များ ပါဝင် သည့် အစည်း အဝေးများ ကို နေပြည်တော်တွင် ဦးဆောင် ကာ အိမ်ရှင် ဥက္ကဌ ကြီး လုပ်လိုက်ရရင်ဖြင့် ရှစ်လေးလုံး ဒီမိုကရေစီ လှိုင်းတဘိုး ကြီး ၏ လက်ကျန် စွမ်းအား အရှိန်တို့ ကို အပြီးသတ် မြေမြှုပ် သင်္ဂြိုဟ် နိုင်မည်၊ ဟု ဗမာ စစ်အာဏာရှင်များက တွက်ဆထားကြသည်။ ထို့အပြင် မြန်မာပြည်သူများ ကငှင်း၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ အစည်းများ က ၄င်း အသိအမှတ်မပြု လိုကြသော် လည်း အစီယံ ဥက္ကဌ လုပ်လိုက်ရသဖြင့် အနောက်တိုင်း ဒီမိုကရေစီ နိုင်ငံများ ၏ အသိအမှတ်ခြင်း ကို သွယ်ဝိုက် သောနည်းဖြင့် ရရှိမည်၊ မတရားသဖြင့် လက်နက် အားကိုး ပြီး ပြည်သူကို သတ်ဖြတ်ညှင်းဆဲ ကာ တည်ဆောက် ခဲ့ရသော သိန်းစိန် အစိုးရ သည် မိမိတို့၏ တရားဝင်မှု (legitimacy) ကို ကမ္ဘာ့ အလည်တွင် တည်ဆောက် နိုင်တော့မည် ဟု ဗမာစစ်အာဏာ ရှင်တို့ က တွေးထင် ထား ဟန် တူပေသည်။

ဒီမိုကရေစီ စနစ် ကိုဖေါ်ဆောင်ရေး၊ လူ့ အခွင့် အရေး မြှင့် တင်ထိန်းသိမ်းရေး၊ စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေး၊ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံ ထူထောင်ရေး၊ နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်ရေး စသည့် မြန်မာ ပြည်သူ တရပ်လုံး နှင့် ကမ္ဘာ့ ပြည်သူတို့ ၏ တောင်းဆိုမှု များ ကို အလေးပေး ဂရုစိုက် စရာမလို၊ လူသားဖြစ်မှု အပေါ် ကျူးလွန်မှု ဖြင့် ကမ္ဘာ က အရေးယူမည်ကိုလည်း ကြောက်စရာမလို တရုတ်၊ ရုရှား တို့ကလည်း ဒင်းတို့ဖက်မှာရှိသည်၊ ဒင်းတို့မှာ လက်နက် ရှိသည်၊ ပစ်မိန့်သတ်မိန့် ပေးလျှင် ပစ်မည့် သတ်မည့် စစ်တပ် သည်လည်း ဒင်းတို့ မှာ ရှိသည်၊ လက်နက် လည်းအပြည့် အစုံရှိသည်၊ ပြည်သူ့ဆန္ဒ ကိုသာ ပိုင်ပိုင်နိုင်နိုင် နှိပ်ကွပ်၊ အာဏာ ကိုသာ မြဲမြဲဆုပ်ကိုင်ထား နိုင်လျှင် ယနေ့ လို ဂလိုဘယ် လိုင်ဖေးရှင်းခေတ်ကြီးတွင် လူ့အခွင့်အရေး လေးစားရန် အော်ကြီးဟစ်ကျယ်လုပ်နေသည့် ကမ္ဘာ့ နိုင်ငံများ ကို ရေ နံ ဓါတ်ငွေ့ သယံဇာတ ပစ္စည်း များ ပစ်ကျွေး ကာ တော်တန်တိတ် လုပ်နိုင်သည် မှာဒင်းတို့သာဖြစ်သည် ........ ဤ သည် မှာ ဒင်းတို့ ဗမာ စစ်အာဏာရှင် များ ၏ (၂၁) ရာစု ခေတ် သစ် နိုင်ငံရေး အဘိဓမ္မာ များဖြစ်သည်။

ဤမျှတင် မက သေးပါ၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တွေ့ ဆုံဆွေးနွေးရေး၊ နိုင်ငံရေးပြဿနာ ကို စစ်ရေးနည်းဖြင့် မဖြေရှင်းပဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေး ဟူသော ပြည်သူတို့၏ တောင်းဆိုမှုများ နှင့် စစ်မှန်သော၊ ထာဝစဉ် ငြိမ်းချမ်းသော ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံထူထောင်ရေး ပြည်သူ့ ဆန္ဒ ဟူသမျှ ကို ခေါင်းမာစွာ ပြတ်ပြတ်သားသား ဆန့်ကျင်ကာ ဒင်းတို့ ၏ဆန္ဒ ကိုသာ အပေါ်စီး မှ တဖက်သတ် အောင်အောင်မြင်မြင် ဖေါ်ဆောင် နိုင်ခဲ့ပြီဖြစ်သည်။ NLD သည် လည်း နှစ်ခြမ်းကွဲကာ တခြမ်းသည် ဒင်း တို့ ကျူးသွင်းရာ နာဂစ်ဘောင်ထဲ ကိုဝင်လာကြရပြီ၊ ၁၉၉၀ ခုနှစ်အောင်ပွဲ ရ တိုင်းရင်းသား ပါတီ များသည်လည်း NLD နှင့် အတူ တရားမဝင် သည့် အဖွဲ့ အစည်းများ အဖြစ် ဒင်း တို့ ပိုင်နိုင်ကျွမ်းကြင်စွာ လုပ်နိုင်ခဲ့ ပြီ၊ တိုင်းရင်းသား လက်သစ်ပါတီများ ပေါ်ပေါက်လာ အောင်လည်း နာဂစ် အခြေခံ ဥပဒေ အားဖြင့် လိမ္မာ ပါးနပ်စွာ မြောင်းပေး နိုင်ခဲ့ပြီ၊ နာဂစ် ပါလီမန်တွင်း မှ မြန်မာပြည်သူတို့ နှင့် ထိုက်တန်သော ဒီမိုကရေစီ စနစ် ကို တဖြည်းဖြည်းပြောင်းယူ နိုင်ကြောင်း အယုံသွင်းနိုင်ခဲ့ သဖြင့် ပြည်တွင်းပြည်ပ ဒီမိုကရေစီ အင်အားစုထဲ တွင် အယူဆရေးရာ အကွဲ အပြဲ များ ကိုဖန်တီး နိုင်ခဲ့ သည့် အပြင်၊ အရင်ကစ ဒင်း တို့အပေါ် ညွှတ်ပြီး သား အာစီယံ နိုင်ငံများအပြင် ကမ္ဘာ့ ဒီမိုကရေစီ နိုင်ငံကြီး တချို့ ပင် ပျော့ပြောင်းလာကြပြီး ဒင်းတို့၏ တလက်မမှ မလျော့ စတမ်း၊ မစေ့စပ်စတမ်း ခေါင်းမာမာ အာဏာ ဆက်လက်သိမ်းထားဖို့အတွက် ... ပြည်သူကို တစိုက်မတ်မတ် ဖိနှိပ် သတ်ဖြတ်ခဲ့ သည်ကိုပင် မေ့လျော့ သူကမေ့လျော့၊ မသိချင်ယောင်ဆောင်သူ ကယောင်ဆောင် နေကြပြီ၊ လွှတ်တော်ခေါ်ယူခွင့်သာပေးပါ နအဖ စစ်အစိုးရကို တရားဝင် အစိုးရ အဖြစ် အသိအမှတ်ပြု ပေးပါမည် ဆိုသည့် အဆင့် အထိ ပျော့ပြောင်း၊ လျှော့ပေါ့ လိုက်လျော ခဲ့သော NLD အားငှင်း၊ ဒေါ်အောင်ဆန်းစုကြည် အားငှင်း၊ တိုင်းရင်းသား ဒီမိုကရေစီ အင်အားစုတို့ အားငှင်း ခေါင်းမာသူများ ဟူ၍ တလွဲတချော် စွပ်စွဲပြောဆိုကာ ဗမာ စစ်အာဏာရှင်တို့ အတွက် အခမဲ့ ရှေ့နေလိုက်ပေး သူများ ပင်ရှိလာကြပြီ။ ဒင်းတို့ ဘာကိုအလျော့ ပေးရမှာလဲ၊ ဒီမိုကရေစီ အင်အားစု ဆိုသူများက ပါ ကိုယ်ပိုင်တီးလုံးပျောက်ကာ။ ဒင်းတို့ တီးလုံး အတိုင်း ကလာကြမှတော့ ကိုယ့် လမ်း ကိုယ်ထွင် ကိုယ့် တီးလုံး ကိုယ်တီးကာ နာဂစ် နိုင်ငံတော်ကြီး ကို ပျော်ပျော်ပါးပါးကြီး တည်ဆောက်ကြစို့ ............. ဤ သည်တို့ မှာ လည်း ဒင်း တို့ ဗမာ စစ်အာဏာရှင်တို့ ၏ (၂၁) ရာစု ခေတ် နိုင်ငံရေး အဘိဓမ္မာ များဖြစ်သည်။

ဗမာ စစ်အာဏာရှင်တို့ သည် တိုင်းပြည်၏ သယံဇာတ ကြွယ်ဝမှု နှင့် ကမ္ဘာတလွှား စီးပွားရေး ကိုဖောင်းပေးလာကြသည့် ဂလိုဘယ်လိုင်ဖေးရှင်း ၏ အား ကိုအသုံးချကာ ရာစုနှစ် ထက် ဝက် မျှ ကျိုးလာပြီဖြစ်သော မိမိတို့၏ အာဏာ ရှင်စနစ် တည်မြဲအောင် ပိုင်ပိုင် နိုင်နိုင် အားထုတ် နေစဉ်တွင် ........ ရာစုနှစ် ထက် ဝက် ကျော် မျှ "ရေနံ ၏ ကျိန်စာ (oil curse)" အောက်တွင် ပြားပြား ဝပ်ခဲ့ကြရသည့် အာရပ် ကမ္ဘာတလွှား မှ ပြည်သူများ သည် လည်း ဂလိုဘယ်လိုင်ဖေးရှင်း ၏ ကောင်းမွေ ဖြစ်သော သတင်း နှင့် အသိပညာ လှိုင်းလုံး ကြီးများ ၏ စေ့ဆော် မှု ဖြင့် ပြင်းထန်သော လူထု ဒီမိုကရေစီ လှုပ်ရှားမှု များ ကိုဖန်တီး နိုင်ခဲ့ ကြသဖြင့် လွတ်လပ်သော ကမ္ဘာ မှ ပြည်သူတို့ သည် အချိန်မကျသေးပဲ ပေါက်လာ သည့် အာရပ် နွေဦး (Arab Spring) အား ကြည့်ကာ ရင်သပ် ရှုမော အံ့အားသင့် ခဲ့ကြရသည်။ ရေနံ မပါပဲ မလည်ပတ်နိုင်သည့် အနောက် တိုင်း အရင်းရှင် ဒီမိုကရေစီ နိုင်ငံ တို့သည် ကုန်လွန်ခဲ့သည့် အနှစ် ၅၀ ကျော် ကာလ တလျှောက်လုံး ဒေသဆိုင်ရာ လုံခြုံရေး နှင့် တည်ငြိမ်ရေး ကို အကြောင်းပြု ကာ အာရပ်ကမ္ဘာ၏ အာဏာရှင်များ ကို ပိုနေမြဲကျားနေမြဲ မပြောင်းမလဲ တည်မြဲရေး ကိုလိုလားခဲ့ကြသည်ကများပါသည်။ အာရပ် ပြည်သူတို့ အဖို့ ရွေးစရာ တခြားလမ်း မှာ အီရန် နိုင်ငံတွင် အာဏာ ရှင် ရှားဘုရင် ကို ဖြုတ်ချ နိုင်ခဲ့သည့် ခိုမေနီ ဦးဆောင်သော အစ္စလန်တော်လှန်ရေး အောင်ပွဲ ခံပြီး တက်လာသည့် အစွန်းရောက် ဘာသာရေး အခြေပြု အာဏာရှင် စနစ် မျိုး သာရှိနေ ခဲ့သည်။ ယင်းသို့သော အပြောင်း အလဲ ကို တွေးကာ သွေးလန့်နေခဲ့ကြပြီး တက်တက်ကြွကြွ ဖေါ်ဆောင်ရမည့် အနာဂတ် ရည်မှန်း ချက်များ ပျောက်ကွယ် မှေးမှိန် နေခဲ့ကြသည်။

ထို့အပြင် အထူး သဖြင့် ၂၀၀၆ ခုနှစ် ပါလက်စတိုင်း တို့၏ ဂါဇာ ဒေသ ရွေးကောက်ပွဲတွင် အကြမ်းဖက်ဝါဒီ များ ဟု မိမိ တို့ သတ်မှတ်ထားသည့် ဟားမတ်စ် ကဲ့သို့သော ဘာသာရေး အခြေပြု အဖွဲ့ အစည်း က အနိုင်ရရှိခဲ့ သည့်နောက်ပိုင်း အမေရိကန် နိုင်ငံ ၏ သံတမန် နည်း အားဖြင့် ဖိအား ပေး ကာ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး ကို တိုက်တွန်းသည့် လေသံ များသည် သိသိသာသာ အားပျော့ လာခဲ့သည်။ တဖန် ၁၉၉၁ ခုနှစ် အယ်ဂျီးရီးယား နိုင်ငံ ၏ ပထမဦးဆုံး ရွေးကောက်ပွဲတွင် အစ္စလံမစ် နိုင်ငံရေးပါတီမှ အနိုင်ရခဲ့ သဖြင့် စစ်တပ်မှ အာဏာ သိမ်းခြင်း စသည့် နိုင်ငံရေးဖြစ်စဉ် တို့ ကိုနှလုံးသွင်းကာ စစ်မှန်သော ဒီမိုကရေစီ ရွေးကောက်ပွဲများတွင် ဘာသာရေးအစွန်းရောက်များ သာအနိုင်ရကြ ပြီး အီရန်နိုင်ငံ ကဲ့သို့သော ဒီမိုကရေစီ ဆိပ်သုဉ်း ပြီး ရက်စက် ကြမ်းကြုတ် သည့် ဘာသာရေးအခြေပြု အာဏာရှင် နိုင်ငံများ သာ ပေါ်ထွန်းလာမည်ကို စိုးရိမ်နေခဲ့ကြသည်။ အာရပ်ကမ္ဘာ မှ အာဏာရှင်များ ကလည်း မိမိတို့ ပြည်သူများ အား စစ်သွေးကြွ ဘာသာရေး အစွန်းရောက် များ ကို လက်ညှိုးထိုး ပြကာ ဆီပူ ထဲတွင်အေးအေး ဆေးဆေး မနေလို လျှင် မီးထဲ ကိုသာခုန်ချ ရန် သာ ရှိ သယောင် ချောက် လှန့် ထား နိုင် ခဲ့ကြသည်။

ကျွန်တော် တို့ နိုင်ငံတွင် လည်း စစ် အာဏာရှင်တို့ က ဖက်ဒရယ် ပြည်ထောင်စု မှု ကို ခွဲထွက်ရေး မူ အဖြစ်ပြည်သူတို့ ကို ခြောက်လှန့်ထား ကာ ဗမာ နှင့် လူမျိုးစု တိုင်းရင်းသားများအကြား စစ်အာဏာ ရှင်စနစ် ကို ခြိမ်းခြောက် စိန်ခေါ် နိုင်လောက်သည့် အားကောင်းသော စည်းလုံး မှု မျိုး ကို မတည်ဆောက် နိုင်ရန် နှစ်ပေါင်း ကြာမြင့်စွာ ဟန့်တား နိုင်ခဲ့သည် ကို သတိ မူ ကြ စေလိုပါသည်။

ယနေ့ အာရပ် ကမ္ဘာ မှ ပြည်သူတို့သည် ဒီမိုကရေစီ ကိုတခဲနက်တောင်းဆိုလာ ကြပြီဖြစ်သဖြင့် အနောက်တိုင်း ဒီမိုကရေစီ နိုင်ငံကြီး များ ကလည်း တာဝန်ရှိလာကြသည့် အပြင် အာရပ်ကမ္ဘာ မှ ပြည်သူများအပေါ် မိမိတို့၏ သဘောထားအမြင် များ ကိုလည်း ပြန်လည်သုံးသပ် ကာ ပြုပြင်လာကြရသည်။ အာရပ် ကမ္ဘာ ၏ ဒီမိုကရေစီ တော်လှန်ရေး သည် အီရန် နိုင်ငံ ၏ ဘာသာရေးအခြေပြု အာဏာရှင်စနစ်အားငှင်း အာလ်ကိုင်းဒါး ကဲ့သို့သော ဘာသာရေး အစွန်းရောက် အကြမ်းဖက် အဖွဲ့အစည်း များကိုငှင်း အတွေးအခေါ် အားဖြင့် အလဲထိုး နိုင်လောက်သော စိန်ခေါ်မှုကြီး တရပ် ဖြစ်ပေသည်။ တိုက်တိုက်ဆိုင်ဆိုင် ယခုလိုကာလတွင် အာလ်ကိုင်းဒါး ၏ ထိပ်းသီးခေါင်းဆောင် ဘင်လာဒင် အား အမေရိကန် မှ အသေဖမ်းမိခဲ့သည် မှာ ကမ္ဘာ တလွှား မှ ဘာသာရေး အစွန်းရောက် တို့ အဖို့ အရှိုက်ကို အထိုးခံလိုက်ရ သလို ဖြစ် နေပေသည်။ သူကိုယ်တိုင်က ခြေမှုန်း ရန် ကြုံးဝါး ခဲ့သည့် အာရပ်ကမ္ဘာ တလွှား က အာဏာရှင်တို့ ကို တုန်လှုပ်ခြောက်ခြားစေသည့် ပြည်သူ့ အုံကြွမှု များ ကို ဘင်လာဒင် ကိုယ် တိုင် မသေခင် မြင်တွေ့သွား လိုက် ရ သည့် တိုင်အောင် အိုစားမား ဘင်လာဒင် ခမြာ ပီတိမဖြစ်နိုင်ရှာ သည်မှာ ယင်း အုံကြွမှု များ ကို ဦးဆောင်လှုံ့ဆော် သည် မှာ သူမျှော်လင့် ထားသော အကြမ်းဖက် ဘာသာရေး အစွန်းရောက် များ မဟုတ်ပဲ ဒီမိုကရေစီ ကို ငြိမ်းချမ်းစွာ တောင်းဆိုသည့် အာရပ်လူထု ကြီး ဖြစ်နေသည်။ ဤ အချက်သည်ပင်လျှင် ဘင်လာဒင် ကိုယ်တိုင် က သူ့ အယူအဆတွေ သည် အာရပ်ကမ္ဘာ မှာ မလွှမ်းမိုးနိုင် ကြောင်းကို သူ အသက်မသေခင် ကိုယ်တိုင် သိလိုက်ရခြင်း ဖြစ်ပါ သည်။ ဒီမိုကရေစီ အတွေးအခေါ် သည် ဂျီဟပ် ခေါ်ဘာသာရေး စစ်ပွဲ အတွက် အသေခံ ရဲသည့် သူရဲကောင်းများ မွေးထုတ်မပေးနိုင် ဟု ယုံကြည် သော ဘင်လာဒင်သည် ဒီမိုကရေစီ နှင့် လွတ်လပ်ရေး အတွက် အသက် ကိုပင်ပဓာန မထားပဲ ရွပ်ရွပ်ချွန်ချွန် လမ်းမများပေါ်တွင် လက်နက်မပါ အကြမ်းမဖက်ပဲ တိုက်ပွဲဝင်နေကြသည် ကို မသေခင်တွေ့ သွားလိုက်ရ ပေ သည်။ ဆီးရီးယားမှ အာဏာရှင် အာဆတ် နှင့် လစ်ဗျားမှ ကဒါဖီ တို့ကသာ ဘင်လာဒင် နှင့် နိုင်ငံရေးမူ မတူကြ သော်လည်း ဘင်လာဒင် ၏ အကြမ်းဖက် လမ်း ကိုလိုက်ကာ အပြစ်မဲ့ ပြည်သူတို့ ကို သတ်ဖြတ် နေသည်ကိုတွေ့ ရပေသည်။

အမေရိကန် နိုင်ငံကလည်း အီရပ် နိုင်ငံ တွင် ဒေါ်လာပေါင်းဘီလျံချီ ပုံအောကာ စစ်ရေး နည်း ဖြင့် ဒီမိုကရေစီ ကိုတင်ပို့ကာ ထူထောင် ရန် ကြိုးပမ်းခဲ့ သော်လည်း၊ အခြေအနေ များသည် မှန်းချက် နှင့် နမ်း ထွက် မကိုက် ပိုမို၍ ဆိုးဝါး လာခဲ့ သည်။ အာလ်ကိုင်းဒါး ၏ ၂၀၀၁ ခုနှစ် ၉/၁၁ World Trade Center အား အကြမ်းဖက် တိုက်ခိုက် ဖြိုဖျက် ခဲ့သည့် အချိန်မှစ တင်ပြီး အနောက်တိုင်း ဒီမိုကရေစီ နိုင်ငံ များ သည် အစ္စလမ္မစ် အကြမ်းဖက်ဝါဒ ကို တန်ပြန်ရန် အတွက် အာရပ် လူထုအတွင်း ဒီမိုကရေစီ ပညာပေး လှုပ်ရှားမှုများ အတွက် စတင်မြှုပ်နှံခဲ့သည့် ငွေကြေး ပမာနသည် အီရတ်နိုင်ငံတွင်စစ်ရေး နည်းအားဖြင့် ဒီမိုကရေစီ ကို ထူထောင် ရာတွင် မြှုပ်နှံ သည့် ငွေကြေးပမာန နှင့် နှိုင်းစာ လျှင် အလွန်ပင် လျော့နဲခဲ့ သည်။ သို့သော် ယနေ့ မထင်မှတ် သည့် အချိန်တွင် ဒီမိုကရေစီ အညွန့်များ တလူလူ ထလာ သည် ကို စတင် တွေ့လာကြ ရသဖြင့် အံ့အားသင့်နေကြရသည်။ အမှန်မှာ အာဏာရှင်တို့ အပေါ် အာရပ်ပြည်သူ တို့၏ မကြေနပ်ချက်များ သည် နှစ်ပေါင်းမြောက်မြားစွာ စုပုံနေခဲ့ခြင်းဖြစ် သည်။

ယနေ့ အာရပ် ကမ္ဘာ ၏ ဒီမိုကရေစီ တော်လှန်ရေး လှိုင်းတဘိုးကြီးများ သည် အစွန်းရောက် ဘာသာရေး လှုပ်ရှားမှုတို့ကို ကျော်လွှားပြီး ဆင်းရဲချမ်းသာ ကွာဟမှု၊ ဒေသ ကွဲပြားမှု ၊ ဘာသာရေး ဂိုဏ်း ဂဏ မတူညီမှု ၊ မတူညီ ကွဲပြားသည့် မျိုးနွယ်စုများ စသည့် အတားအဆီး တံတိုင်းများ ကို ထိုးဖေါက် ကာ အလွှာအသီးသီး၊ ဒေသ၊ မျိုးနွယ်စု၊ ဂိုဏ်းဂဏ အမျိုးမျိုး မှ အဖိနှိပ်ခံ ပြည်သူ တရပ်လုံး ကို စည်းလုံးပေးနိုင်ခဲ့သည်။ နိုင်ငံရေးအားဖြင့် လက်ဝဲ၊ လစ်ဘရယ်လ်၊ လက်ယာ စသည်ဖြင့် သီးသန့် နိုင်ငံရေးအုပ်စုတခုခု ၏ တော်လှန်ရေးလည်းမဟုတ် ၊ ကာယ ဉာဏ အလုပ်သမား၊ အမျိုးသမီး အဖွဲ့ အစည်း များ စသည်ဖြင့် ကွဲပြားသော လူ့ အလွှာ တခု ၏ တော်လှန်ရေးလည်းမဟုတ် အားလုံးသော လူထုလူတန်း စား အလွှာအသီးသီး တို့ ပါဝင် သည့် ဒီမိုကရေစီ တော်လှန်ရေး ကြီး ပင်ဖြစ် ပေတော့သည်။



ပါတီစုံ ဒီမိုကရေစီ ကိုတောင်းဆို သည့် မိုရိုကို လူငယ် ခေါင်းဆောင် များ ၏ အစည်းအဝေး။

ယနေ့ အာရပ် ကမ္ဘာ တွင် ဖြစ်ပွားနေသော ဒီမိုကရေစီ တော်လှန်ရေးများ တွင် ပါဝင်ဆင်နွှဲနေကြသည် မှာ အသက် ၃၀ အောက် လူငယ်များသာ ဖြစ်ကြပြီး အာရပ်နိုင်ငံများ ကိုလိုနီ ဘဝ မှ လွတ်မြောက် ပြီးသည့် နောက်ပိုင်း အာရပ် ကမ္ဘာ တွင် အာဏာရှင် များ ခိုင်မာလာသည့် အချိန် အတွင်းတွင် မွေးဖွား လာသူများ ဖြစ်ကြသည်။ ငြိမ်းချမ်းစွာ ဆန္ဒ ပြကာ ပါတီစုံ ဒီမိုကရေစီ ကိုတောင်းဆို ရန် အတွက် သူတို့ အရင် မျိုးဆက် ဟောင်း တို့ ထံမှ စံနမူနာ ယူစရာ ခေါင်းဆောင်များ၊ အတွေး အခေါ် များ လမ်းညွှန် အဖြစ် ရှိနေကြ သည် မဟုတ်ပါ။ အမှန်မှာ သူတို့ ၏ နောင်တော့် နောင် တော် များ သည် အာရပ် အာဏာရှင်တို့ကိုဆန့်ကျင်ရာတွင် အစွန်းရောက် အကြမ်း ဖက်ကာ ဘာသာရေး ကို အခြေပြု သည့် နည်းကို သာ လျှင် တခုတည်းသော ထွက်ရပ်လမ်း အဖြစ် ယုံကြည် သူ များဖြစ်ကြသည်။ ယနေ့ လူငယ်တို့မှာ အာရပ် ကမ္ဘာ တခုလုံး ၏ ၆၀% ရှိပြီး ပျမ်းမျှ အသက် သည် ၂၆ ခန့်ရှိကြသည်။ ယနေ့ အာရပ်လူငယ်များ က ဖေ့စ်ဘုတ် နှင့် အွန်လိုင်း လက်နက် တို့ ကို အသုံးချကာ တရားမျှတမှု၊ လွတ်လပ်မှု နှင့် ဒီမိုကရေစီရေး တောင်းဆို လှုပ်ရှားခြင်း သည် Muslim Brotherhood နှင့် Al Qaida တို့ ၏ လှုပ်ရှားမှု များ ထက် အဆမတန် ပိုမို ၍ စွမ်းအား ထက်ကြောင်း လက်တွေ့ ပြသ လိုက် ကြပြီဖြစ်သည်။



ဒီမိုကရေစ် ကိုတောင်းဆိုသည့် မိုရိုကို နိုင်ငံမှ လူငယ် သပိတ်စခမ်း။

သန်းပေါင်း ၂၄၀ ရှိ သော တူနီးရှား၊ ဆီးရီးယား၊ အီဂျစ်၊ လီဘာနွန်၊ အီရပ်၊ ဆော်ဒီ အာရေဘီးယား စသည့် အာရပ် ကမ္ဘာ မှပြည်သူများ၏ ကံကြမ္မာ သည် ပျမ်းမျှအသက် ၂၄ မှ ၂၆ အတွင်းရှိ လူငယ် ၂၀ ခန့် ၏ လက်ထဲတွင် တမဟုတ်ခြင်း ကျရောက်သွားခြင်းဖြစ်သည်။ သူတို့၏ တရားမျှတမှု၊ လွတ်လပ်မှု နှင့် ဒီမိုကရေစီ ရေးတောင်းဆိုမှု များ သည် အာရပ်ဒေသတွင်း ရှိ လူငယ်မျိုးဆက်သစ်တို့ကို ပိုမို၍ ဆွဲဆောင်နိုင်ခဲ့ပြီး ဖိနှိပ်သည့်၊ ခြစားသည့် အာဏာရှင်အစိုးရများ ကို အနုနည်းသုံးကာ ဖြုတ်ချနိုင်ခဲ့ကြခြင်း ဖြစ် ပေ သည်။ သူတို့ကျွမ်းကျင်ရာ အွန်လိုင်း လက်နက်များ ဖြင့် စစ် ထောက်လှမ်း ရေး တို့၏ ထောက်လှမ်းမှု ကိုရှောင်ကွင်း နိုင်ခဲ့ကြပြီး လူတန်းစားအလွှာ ကွာဟမှု တံတိုင်းများ ကိုလည်း ဖြတ်ကျော် ကာစည်းရုံးနိုင်ခဲ့ကြသည်။ ဤမျိုးဆက်သစ် တို့ သည် အင်တာနက် နှင့် အာလ်ဂျဇီးရီးယား ကဲ့သို့သော ရုပ်သံလွှင့် သတင်းဌာန တို့၏ ကျေးဇူးကြောင့် နယ်နိမိတ် အကန့် အသတ် မရှိ အာရပ်လူ့ ဘောင် အဖွဲ့ အစည်း တခုလုံး ကို ကွန်ယက်ဖြန့်ကာ ထိတွေ့ခွင့်ရ နေကြ သူများ ဖြစ် ကြသည်။ အထူးသဖြင့် ခေတ် နှင့် အညီ ဖြစ်သော လူငယ် တို့ ရသင့် သည့် အခွင့် အလမ်းများ၊ လွတ်လပ်မှုများ ကို တားဆီး ပိတ်ပင်ထားသည် နိုင်ငံရေး ဖိနှိပ်မှုများ၊ စီးပွားရေး နောင့်နှေးမှုများ အပေါ် ဒေါသူပုန်ထနေကြ သည့် မျိုးဆက် များ ဖြစ်ကြ လေသည်။

အသက် ၂၃ နှစ်သာရှိသေးသည့် အိုစာမာ အယ်လ်ခါလီဖီ သည် မိုရိုကိုနိုင်ငံ တွင် ဖွဲ့စည်း ထားသော အတိုက်အခံ Socialist Union of Popular Forces မှ နှုတ်ထွက်ကာ Facebook အခြေပြု လှုပ်ရှားမှု တခုကိုစတင်ခဲ့သည်။ အတိုက်အခံ နိုင်ငံရေး ပါတီများ သည် ဖိနှပ်သည့် အစိုးရများ ကို အတိုက်အခံလုပ် ခွင့် ရှိသည် ဟူ၍ ပြသထားရုံမျှသာ ရှိပြီး အစိုးရ၏ တရားဝင်မှု ကို တစုံတခုသော အတိုင်းအတာထိ ပေးရန် သာ အသုံးဝင်ကြသည်ဟု လူငယ် များက ယူဆကြပါသည်။ အိုစာမာ အယ်လ်ခါလီဖီ က Facebook  တွင်စတင်ခဲ့သည့် လှုပ်ရှားမှုသည် မိုရိုကိုနိုင်ငံတဝှမ်း လမ်းမများပေါ်သို့ မည်သည့်အခါကမျှ မမှန်းဆခဲ့ ဘူး သည့် လူထုချီတက်ပွဲကြီးများကိုဖန်တီးနိုင်ခဲ့သည့် အပြင် အခြေခံ ဥပဒေ ကိုပြင်ဆင်ရန် ဘုရင်ကိုယ်တိုင်က ကတိပေး လာခဲ့ ရသည်။ " အပြောင်းအလဲ ဆိုတာ နိုင်ငံရေး ပါတီတွေက လုပ်နိုင်မှာ မဟုတ်ဘူး၊ လူထုအားနဲ့ သာလုပ်လို့ရမှာပါ " ဟု ပြောခဲ့ သည့် ခါလီဖီ သည် Moroccans Discuss the King ဆို သော Facebook စာမျက်နှာကို ဖန်တီး လိုက်ပြီး ၄၊ ၅ ရက်အတွင်း တွင် အဖွဲ့ဝင် ၃၀၀၀ ရရှိ လာခဲ့ သည်။ "အရင်ကတော့ ကိုယ့် ကိုယ်ကို ဘာမှမလုပ်နိုင်ဘူးလို့ပဲထင်ခဲ့တယ်။ အခု သီတင်းပတ် အနည်းငယ် အတွင်း မှာ ကျွန်တော်တို့ တတ်နိုင်တယ်ဆိုတာကို သိ လာရတယ်။ လူငယ်တွေက ဦးဆောင်နေတာ တင် မကဘူး၊ လူကြီးတွေကပါ ကျနော် တို့ပြောစကား ကိုနားထောင်လာကြပြီး နောက် ကနေ လိုက်လာ ကြတာ ဖြစ်တယ်။" ဟု အယ်လ် ခါလီဖီ ကဆိုပါသည်။

သို့သော်လည်း ဒီမိုကရေစီ လမ်းကြောင်းပေါ် သို့ အာရပ် နိုင်ငံများ တပြိုင်နက်ထည်း မရောက် နိုင်ခဲ့ ကြပေ။ လစ်ဗျား၊ ရီမင် နှင့် ဆီးရီးယား နိုင်ငံ တို့ တွင် အာဏာရှင်တို့ က အကြမ်း နည်းသုံးကာ ပြည်သူတို့ ကို နှိပ်ကွပ်ကြသည်။ အီဂျစ် နှင့် တူနီးရှား တွင် အာဏာရှင်တို့ ဆင်းပေးခဲ့ရပြီး၊ ပြည်သူတို့ အတွက် ဒီမိုကရေစီ ကိုချဲ့ ထွင် သွား နိုင်စရာအလားအလာများ ကိုတွေ့ရသည်။ ကျန်အာရပ်နိုင်ငံများ ကမူ ပြည်သူတို့ ၏ ဒီမိုကရေစီတောင်းဆိုမှု ကို ပြုပြင်ပြောင်းလဲရေး ကတိများ နှင့် တုန့်ပြန်ကြသည်။ မည်သို့ပင်ဖြစ်စေ ယနေ့ အာရပ်ကမ္ဘာသည် ယခင် ကနှင့် မတူတော့ပေ။




DER SPIEGEL

Graphic: Potential Outcomes in the Crisis Countries

ဤနေရာတွင် ယနေ့ အာရပ် ကမ္ဘာ တွင်ဖြစ်ပေါ်နေသော အပြောင်းအလဲများ နှင့် ပတ်သက်ပြီး အဲလ်ဂျာဇီးရီးယား တီဗီ သတင်းဌာန ၏ အင်ပါရာ စကားဝိုင်း အယ်ဒီတာ မာရဝမ် ဘိရှိဟာရာ ၏ ဖေါ်ပြ ချက် ကို ကောက်နုပ်ကာ ပြန်လည်ဖေါက်သည်ချ လိုပါသည်။ ..... "အာရပ် ကမ္ဘာ မှာ ရှင်သန်ကြီးထွားခဲ့ ကြရတဲ့ ကျွန်တော်တို့ တတွေရဲ့ ဘဝ ဟာ နိုင်ငံရေး မတည်ငြိမ်မှုတွေ ၊ စစ်ရေး ကျဆုံးမှုတွေ၊ လူမှုရေး ခေတ်နောက်ပြန်ဆွဲ မှုတွေ၊ စီးပွားရေး နောင့်နှေးမှု တွေ စတာတွေ နဲ့ တင်းကြမ်းပြည့် နေ တဲ့ အိပ်မက်ဆိုး ကြီးတခုကို ကာလရှည်ကြာ စွာ မက်နေရသလိုပါပဲ။ ဒါပေမဲ့ ဒီ နှစ်ရောက်လာ တော့ အာရပ် ကမ္ဘာ မှာ အချိန် မကျသေးပဲ စောစော စီးစီး နွေဦး ပေါက်ခဲ့တယ်။ ...... အပြောင်းအလဲ တခု ကို အခု လို ကျယ်ကျယ်ပြန့်ပြန့်၊ အငမ်းမရ၊ ပြင်းပြင်းပြပြ၊ လိုလား တောင်းဆိုတာမျိုး ကျွန်တော့ တသက်မှာ တခါဘူး မှ မကြုံတွေ့ ခဲ့ရသေးဘူး။ ...... အခုအချိန်မှာ အတတ် ပြောရ ခက်ပါတယ်၊ ဒါပေမဲ့ ညအချိန်အခါ ရဲ့ အမှောင်ဆုံး ကာလ၊ အရှေ့ဆီကနေ အာရုဏ် ရဲ့ လေပြေ ဦး လေး မတိုက်ခင်မှာပဲ အာရပ် ကမ္ဘာ မှာ နွေဦးပေါက်ခဲ့ တယ်ဆိုတာ ကိုတော့ မမေ့ ကြပါနဲ့။ စိတ်ကူးယဉ်သမား တယောက်လို့ပဲ ကျွန်တော့် ကိုခေါ်ချင်ခေါ်ပါ .... ည ရဲ့ အမှောင်ထု ကြီးဟာ ကျဆုံး ဖို့ ကြမ္မာငင်နေပါပြီ၊ နောက်ပြီးတော့ ... အပြောင်းအလဲ ဆိုတာ ရှောင်လွှဲ လို့မရတော့ဘူး ဆိုတာ သေချာ နေပါတယ်။"

ကျွန်တော်တို့ နိုင်ငံ တွင် မွေးတော့ မည့် ဆဲဆဲ အချိန် တွင် ဒီမိုကရေစီ ကို စစ်ဘီလူးတို့ က အမှောင်ထုထဲ သို့ အတင်း အဓမ္မ ပြန်လည် ဆွဲသွင်း နေကြ သည်။ နာဂစ် အခြေခံဥပဒေ စတင်ရေးဆွဲ သည်မှ စ၍ စစ်အာဏာရှင် စနစ် ထာဝရကြီးစိုးရေး အတွက်ရည်ရွယ်ကာ ရေးဆွဲ ထား ခဲ့သည် ကို လုံးဝ မမေ့အပ် ပေ။ နာဂစ် အခြေခံ ဥပဒေ ၏ နောက်ဆက်တွဲ ဖြစ်ရပ်မှန်သမျှသည် အပေါ်ယံ အားဖြင့် မည်မျှ ပင် ပြောင်းလဲ သည်ဖြစ်စေ၊ နဂိုမူလ လိုရင်း ရည်ရွယ်ချက် သည် စစ်အာဏာရှင်စနစ် သက်ဆိုး ရှည်ရေးပင် ဖြစ် သည် ကို အမြဲ သတိမူ ကြ ရ မည်ဖြစ်သည်။ လူပြောင်းသည် ကို မူကြီးတခုလုံးပြောင်းလဲ သွားသယောင်၊ စစ်ယူနီ ဖေါင်းချွတ် ကာ ခေါင်းပေါင်း ပေါင်း ပြလိုက်သည်နှင့် သန်းရွှေ ၏ စစ်အာဏာရှင်အစိုး ရသည် နေ့ခြင်းညခြင်း သိန်းစိန် အရပ်သားအစိုးရ ဖြစ်သွား သယောင် တအံ့တသြ ထူးထူး ဆန်းဆန်း ပြောဆိုရေးသား နေကြသည်မှာ နာဂစ်အခြေခံဥပဒေ ၏ အတွင်းသဏ္ဍာန် အတွင်းသဘောကို မမြင်စွမ်း နိုင်ကြ ၍သာဖြစ်ပေလိမ့်မည်။

ယခု ကျွန်တော်များ Vansangva စာကြည့်တိုက်တွင် တင်ပေးထားသည့် မောင်မြတ်နိုင် ၏ စာတမ်း သည် ၂၀၁၁ ရွေးကောက်ပွဲ မတိုင်မီတွင်ရေး သားထားခြင်း ဖြစ် သည်။ စာတမ်း ပါ အချက် အလက် များသည် ၂၀၀၈ နာဂစ်အခြေခံဥပဒေ နှင့် ရွေးကောက်ပွဲ ဆိုင်ရာဥပဒေ တို့ ၏ ရှေ့နောက်မညီသည့် အချက်များ နှင့် စစ်အာဏာရှင် သက်ဆိုးရှည်ရေး အတွက် ပြဌာန်း ထားသော မတရား သည့် ဥပဒေ ပုဒ်မ များ ကို ကွက်ကွက်ကွင်းကွင်း မီးမောင်းထိုး ပြထားသည့် အပြင် ရွေးကောက်ပွဲ ပြီးလျင် ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံရေး အလားအလာ များ ကို သုံးသပ်တင်ပြ ထားသည် ဖြစ်ရာ လက်ရှိ သိန်းစိန် အစိုးရ၏ လက်တွေ့ လုပ်ရပ်များ နှင့် အတူ အများပြည်သူတို့ ယှဉ်ထိုး နိုင်ရန်တင်ပေး လိုက်ပါသည်။ စာရေးသူ မောင် မြတ်နိုင်ထောက်ပြထားသည့် အချက် အလက်များ ကို ဖတ်ရှု မှတ်သား ခြင်းအားဖြင့် အဖိနှပ်ခံပြည်သူတို့၏ အနာဂတ် နိုင်ငံရေး ဘဝ နှင့် ရင်ဆိုင် ကြုံရ ဦးမည့် နောက် ဆက်တွဲ ဆိုးကျိုး များ ကို ခန့်မှန်း သိရှိ နိုင် ကြမည်ဖြစ်သဖြင့် Vansangva စာဖတ် ပရိတ်သတ်များအားလုံး အား အသေး စိပ် ဖတ်ရှုလေ့လာကြပါရန် တိုက်တွန်း အပ်ပါ သည်။

နာဂစ်အခြေခံ ဥပဒေ သည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ၏ ဗမာတကျပ်၊ ရှမ်းတကျပ် မူ ကိုပြောင်ပြောင်တင်းတင်း ဆန့်ကျင် ကာ ဗမာ (၇) ကျပ် ရှမ်း တကျပ် မူဖြင့် ဗမာ စစ်အာဏာရှင်တို့သာ ထင်ရာစိုင်း ကြီးစိုးသော အတု အယောင် ပြည်ထောင်စု တခု ကို ထပ်မံ တည်ဆောက်ရန် ကြိုးပမ်းထားခြင်း သာ ဖြစ်ပြီး၊ ပြည်ထောင်စု မြန်မာနိုင်ငံ အခြေခံဥပဒေ (၁၉၄၇) မှ စ၍ ပြည်တွင်း စစ်မီး ကို စတင်မွေး ပေးခဲ့သည့် လူမျိုး တမျိုးနှင့်တမျိုး နိုင့်ထက် စီးနင်း အုပ်ချုပ်သည့် တပြည်ထောင် မူကို ပြဌာန်း ရေးဆွဲထားသဖြင့် ပြည်သူတို့ ၏ ငြိမ်းချမ်းသော ဒီမိုကရေစီ ပြည်ထောင်စု နိုင်ငံကြီး တည်ဆောက် ရေး တောင်းဆို ချက် တို့ နှင့် ဖြောင့်ဖြောင့် ကြီးဆန့်ကျင်ကာ ပြည်တွင်းစစ် မီး ပိုမိုတောက်လောင် လာတော့ မည် ကို ကြိုတင်တွက်ဆ နိုင်ပေသည်။ ပြည်တွင်းစစ်မီး ဆက်လက် တောက်လောင် နေမှ သက်ဆိုး ရှည်ကာ ဆက်လက် ရှင်သန် ကြီးထွား နိုင် မည့် ဗမာ စစ်အာဏာရှင်တို့ သည်၊ တိုင်းပြည်တွင် စစ်မှန်သော ငြိမ်းချမ်းရေး မရရှိ အောင် အစဉ်တစိုက် ပြည်သူ တို့ ကို ဆက်လက် ဖိနှိပ်နေဦးမည်သာဖြစ်သည်။ လူမျိုးပေါင်း စုံ ပြည်သူတို့ သည်လည်း လွတ်မြောက်ရေး၊ ဒီမိုကရေစီရေး၊ ဖက်ဒရယ်လ် အရေး တိုက်ပွဲများ ကို ဆက်လက် ဆင်နွှဲ ကြရမည်သာဖြစ်သည်။ ရွေးကောက်ပွဲ ပြီးသဖြင့် စစ်အာဏာရှင် တို့ ကြီးစိုးသော အရပ်သားအစိုး ရအမည်ခံ သိန်းစိန် အစိုး တက်သဖြင့် တိုက်ပွဲများ ပြီးဆုံးသွား မည်မဟုတ်ပေ။ ဖိနှိပ်မှု များ၊ မတရားမှုများ ရှိနေသမျှ ကာလပတ်လုံး တော်လှန်ရေး များလည်း မည်သည့် မျိုးဆက်တွင်မဆို ရှိနေ မည်သာ ဖြစ် ပေသည်။

အာဏာရှင်တို့ က ဖိနှိပ်၍ ဒီမိုကရေစီ တိမ်ကောပျောက်ကွယ် သွားမည် မဟုတ်ပါ။ ဒီမိုကရေစီ အရေး လှုပ်ရှားမှု မရှိ မှသာလျင် ဒီမိုကရေစီ ပျောက်ကွယ် သွားမည်ဖြစ်သည်။ မြန်မာစစ်အာဏာရှင်တို့ ၏ ပါလီမန် အတွင်းမှ မည်သည့်အပြောင်းအလဲကို မျှ မျှော်လင့် စရာမရှိပါ။ ဤ အချက် ကို မဆလ၊ နအဖ စစ် အာဏာရှင်ခေတ် များ၏ အတွေ့ အကြုံများက ရှင်းလင်း ထင်ရှားစွာ သက်သေခံ ထား ခဲ့ပြီးဖြစ်ပါသည်။ ပြည်သူ တို့ ၏ ဆန္ဒ ကိုဆန့်ကျင်သော အခြေခံဥပဒေ သည် ကြာရှည်မခံပါ။ ဤ အချက် ကို သမိုင်း ကအခိုင်အမာ သက်သေခံခဲ့ပြီးဖြစ်သည်။ ဗမာ စစ်အာဏာရှင်တို့ ၏ နာဂစ် နိုင်ငံတည်ဆောက်ရေး သည် စိတ်ကူးယဉ်သက်သက် သာဖြစ်သည်။ မြန်မာ လူငယ်မျိုးဆက်သစ် တို့သည်လည်း တိုက်ပွဲ ပုံစံ သစ်များ ကို ပုံဖေါ် ကာ ဗမာအပါအဝင် အဖိနှိပ်ခံ လူမျိုးပေါင်းစုံ ပြည်သူတို့ ချစ်ချစ်ခင်ခင် ငြိမ်းငြိမ်း ချမ်းချမ်း အတူတကွ နေထိုင်သွားမည့် ပင်လုံ နိုင်ငံ ကြီး ထူထောင်ရေး အောင်ပွဲရသည်အထိ ဆက်လက်တိုက်ပွဲ ဝင်ကြ ရမည်သာ ဖြစ်သည်။